

ဇော်ဂျီ

# U LUN:
## MAN AND POET

# သခင်ကိုယ်တော်မှိုင်း ဋီကာ

# အမှာ စာ

လောကအမြင်အကြားတို့ဖြင့် ပြီးသော အနုပညာလက်ရာမှန်သမျှသည် နှစ်သက် ခြင်းပီတိနှင့် တကွ လောကအမြင်အကြားတို့ကိုပါ ပေးတတ်သည်ဟု ဆိုကြလေသည်။ ထိုစကား မှန်လှပေသည်။

ဆရာကြီးသခင်ကိုယ်တော် မှိုင်း၏ စာများ ကို အတန်အသင့်ကြားနာဖတ်ရှုရသော ကျောင်းသား ဘဝတွင် နှစ်သက် ခြင်း ပီတိ ဖြစ်ခဲ့သည်ကိုသာ ကျွန်တော် သတိပြုမိပါသည်။ လူလားမြောက်လာ၍ ထုံ့ပိုင်း ထုံ့ပိုင်း ပြန်လည်ဖတ်ကြည့်သော အခါ ပတ်ဝန်းကျင်လောကကို မြင်တတ်၊ ကြားတတ်ချင်သော ဆန္ဒတိုးလာသည်ကို ထပ်မံသတိပြုမိလာပြန်ပါသည်။ ထိုအခါမှစ၍ ဆရာကြီး၏ စာအကြောင်းကို ရေး ချင်စိတ်ပေါက်လာခဲ့ရာ တိုင်းပြည်၌ သော င်းကျန်းနေကြသော ၁၉၄၉ ခုနှစ် တွင် မှ ရှုမဝမဂ္ဂဇင်း၌ လစဉ် ဆောင်းပါးများ ကို ရေး ဖြစ်ပါတော့သည်။

ဤကျမ်းသည် ထိုဆောင်းပါးများ ကို ပြန်လည်စိစစ်၍ ပြင်ဆင်တည်းဖြတ်ထားသော ကျမ်းမျှ သာ ဖြစ်ပါသည်။ ဤကျမ်း၌ ပါသော လေ့လာချက်များ မှာ လည်း မျက်မှော က်ခေတ်စာဆိုတစ်ဦး၏ စာ အကြောင်းနှင့် စပ်လျဉ်း၍ လမ်းခင်းပေးထားခြင်းမျှသာ ဖြစ်ပါသည်။ ထို့ကြောင့် မျက်မှော က်ခေတ် စာဆိုတစ်ဦး ဖြစ်သော ဆရာကြီး၏ စာအကြောင်းကို သိချင်လျှင် လက်ညှိုး ထောင်ဟုဆိုလာခဲ့သော် သူများ ထက်ဦးအောင် ကျွန်တော် လက်ညှိုး ထောင်ချင်ပါသည်။

ဤကျမ်းအတွက် ရံဖန်ရံခါ ဆွေးနွေးခွင့်ပေးဖူးကြသော မင်းသုဝဏ်၊ ဆရာငွေ အစရှိသည့် မိတ်ဆွေကြီးငယ်များ အားလည်းကောင်း၊ ဆရာကြီး၏ ဋီကာအစရှိသည့် စာများ ကို ပုံနှိပ်ထုတ်ဝေခဲ့ ကြသူများ အားလည်းကောင်း၊ ရှုမဝ ဦးကျော်အား လည်းကောင်း ကျေးဇူးဥပကာရတင်ကြောင်း ဖော်ပြ လိုက်ပါသည်။

ဇော်ဂျီ

♥ ♥ ♥